KPSN

# ကရင်ပြည်နယ် မူတရောခရိုင်အတွင်း ဗမာ(မြန်မာ)တပ်မတော်၏ ကျူးကျော်တိုက်ခိုက်မှုသည် တစ်နိုင်ငံလုံး ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ်ကို ချိုးဖောက်ခြင်း နှင့် ရွာသားများအား ဘေးအွန္တရယ်ဖြစ်စေခြင်း

**နေ့စွဲ ၉.၃.၂၀၁၈**

၂၀၁၈ ခုနှစ် မတ်လ (၄) ရက်နေ့ တနင်္ဂနွေနေ့မှ စတင်ပြီး စစ်သား ၆၀၀ကျော်ပါဝင်သော တပ်မတော် တပ်ရင်း (၆) ရင်းမှ ကရင်ပြည်နယ် မူတရော (ဖာပွန်) ခရိုင်တောင်ပိုင်းအတွင်းတွင် ဌာနေကရင်လူမျိုးများ၏ ငြိမ်းချမ်းစွာရှိနေသော ကျေးရွာများသို့ ကျူးကျော်ဝင်ရောက်ခဲ့သည်။ ၄င်းဒေသည် တပ်မတော် နှင့် ကရင်အမျိုးသားအစည်းအရုံးတို့မှ လက်မှတ်ရေးထိုးထားသော တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုစာချုပ် လွှမ်းခြုံထားသော နေရာတွင်အကျုံးဝင်သည်။ ထိုဒေသသည် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် သော်လည်းကောင်း၊ မြေယာ နှင့်သစ်တောများကို ကာကွယ်ရန် နှင့် ဌာနေကရင်တိုင်းရင်းသား များ၏ ဓလေ့ထုံးတမ်းများကို မြှင့်တင်ရန် ဒေသခံများမှ ဦးဆောင်ဦးရွက်ပြု၍ ထူထောင်ထားသော သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏ တစ်စိတ် တပိုင်းလည်းဖြစ်သည်။

တပ်မတော်မှ တစ်နိုင်ငံလုံး ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ် အားချိုးဖောက်ကာ ကြိုတင်အသိပေးခြင်းမရှိပဲ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ သောကြောင့် ကရင်မျိုးသားလွတ်မြောက်ရေးတပ်မတော်၏ စစ်သားများ နှင့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားရန် လှုံ့ဆော်လျက်ရှိသည်။ ကျူးကျော်ဝင်ရောက်လာသော တပ်မတော်မှ စစ်သားများမှာ ယခုအချိန်တွင် ခေးပူ ကျေးရွာအနီး နှင့် လယ်မူပေလောရှိ ထီးစီထ ကျေးရွာ အစရှိသော နေရာနှစ်ခုတွင် တပ်စွဲလျက်ရှိသည်။ တပ်မတော်စစ်သားများမှ ကတုတ်ကျင်းတူဖော်မှုများပြုလုပ်လျက်ရှိပြီး အများပြောချက်အရ စစ်အင်းအားဖြည့်တင်း လျက်ရှိနေသည်။ ယခုအနေအထားသည် တိုက်ပွဲသဏ္ဍာဆောင်သော နှင် ဒေသတွင်း နေထိုင်သူများအား အလေးထားခြင်းမရှိသော လုပ်ရပ်များပင်ဖြစ်သည်။

မတ်လ ၈ ရက်နေ့ထိအခြေအနေမှာ တပ်မတော်၏ ကျူးကျော်မှုများကြောင့် လယ်မူပလော နှင့် ခေးပူ ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၅ရွာကျော်မှ ရွာသား ၁၅၀၀ ကျော်မှာ နေရပ်စွန့်ခွါနေရလျက်ရှိသည်။ ယခုအခြေအနေသည် ကရင်အမျိုးသားအစည်းအရုံးနှင့် တပ်မတော်၏ ၂၀၁၂ ခုနှစ် တွင်ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူအပစ်ရပ်စာချုပ်နောက်ပိုင်း ဖာပွန်ခရိုင်းအတွင်း ဒေသခံများအား အကြီးမားဆုံးသော

အတင်းအဓမ္မပြောင်းရွှေ့စေမှုဖြစ်သည်။ လက်ရှိအချိန်တွင် ဒေသခံများမှ မိမိတို၏နေအိမ်များမွေနောက် ခံရခြင်း နှင့် မီးရှို့ခံရမည်ကို စိုးရိမ်လျက်ရှိပြီး တပ်မတော်မှ ရွာသားများ၏ ကျွဲနှစ်ကောင်အား သတ်ဖြတ်ထားပြီးဖြစ်သည်။ တိမ်းရှောင်လျက်ရှိသော ရွာသားများအနေဖြင့် စာနပ်ရိပ်ကွာ နှင့် ဆေးဝါး မလုံလောက်မှုများ ခံစားနေရပြီး လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့အတွက် အခက်အခဲများ ကြုံတွေ့နေရလျက်ရှိသည်။

တပ်မတော်မှ ၎င်း၏ဆက်သွယ်ရေးလမ်းကြောင်းကို လယ်မူပလောမှ ခေးပူသို့ တိုးချဲ့ရန်စီစဉ်လျက်ရှိသည်။ စစ်တပ်မှ ဆယ်စုနှစ်ပေါင်းများစွာ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံခဲ့ရမှုများအား တွေ့ကြုံခံစားခဲ့ရသော ဒေသခံများအဖို့ ကရင်ပြည်နယ်အတွင်း ဤဒေသတွင် တည်ဆောက်မည့် စစ်တပ်၏ ဆယ်သွယ်ရေးလမ်းများသည် အလွန်တရာ စိုးရိမ်ဖွယ်ရာအကြောင်းရင်းများဖြစ်နေသည်။ လမ်းမများသည် စစ်တပ်အား ကရင်နယ်မြေအတွင်းသို့ လက်နက်များသယ်ဆောင်ရန်အထောက်အပံ့ဖြစ်ပြီး အပစ်ရပ်လင့်ကစား ဒေသခံများအနေဖြင့် လမ်းများအနီးတွင် ပစ်ခတ်မှုအန္တရယ်များနှင့် တခါတရံကြုံတွေ့ နေရသည်။

စစ်တပ်မှ မူတရောခရိုင်ရှိ ကရင်ရွာသားများ၏မြေပေါ်တွင် ဆုတ်ခွာခြင်းရှိမနေခဲ့သော်လည်း၊ ဒေသခံများ သည် အပစ်အခတ်ရပ်စဲရေး စတင်ခဲ့သည့်အချိန်မှစပြီး ၎င်းတို့၏နေရာများဖြစ်သော လယ်မူပလော အစရှိသော နေရာများသို့ ပြန်လာခဲ့သည်။ ၎င်းတို့၏ နေရပ် နှင့် လူမှုပတ်ဝန်းကျင်များ၊ ယဉ်ကျေးမှု နှင့် ရေ၊ မြေ၊ သစ်တောထိန်သိမ်းခြင်းများကို ပြန်လည်တည်ဆောက်ခဲ့သည်။ ဒေသခံများအနေဖြင့် ၎င်းဌာနေ ဓလေ့ထုံတမ်း မြေယာအုပ်ချုပ်မှု နှင့် အစုအဖွဲ့ပိုင် သစ်တောများစွာကို ထူထောင်ထားပြီးဖြစ်သည်။

မူတရောဒေသရှိ ပြည်သူများအနေဖြင့် လက်ရှိတွင် သံလွင် ငြိမ်းချမ်းရေး ဥယျာဉ်အား ထူတည်ထောင်နိုင်ရန် အောက်ခြေဒေသခံများ မှစပြီး တွေ့ဆုံညှိနှိုင်းပြီး သဘောထားရယူမှုများကို လုပ်ဆောင်လျက်ရှိသည်။ သို့ရာတွင် ဒေသခံများ ငြိမ်းချမ်းရေးအတွက် အားထုတ်မှုများကို လေးစားရမည့်အစား ငြိမ်းချမ်းရေး ဥယျာဉ်၏ နယ်နမိတ်အတွင်း စစ်တပ်မှ အကြမ်းဖက်မှုများနှင့် စစ်ရေးအရလှုပ်ရှားမှုများကို ဆက်တိုက် လုပ်ဆောင်လျက်ရှိသည်။

ယခုရက်သတ္တပတ်အတွင်း စစ်တပ်၏ အပြုအမူများ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ယုံကြည်မှုကို ပျက်ပြားစေပြီး ရွာသားများအတွက် ကြီးမားသော ခက်ခဲမှုများကို ဖြစ်ပေါ်စေသည်။ ရွာသားများမှ ငြိမ်းချမ်းစွာနှင့် အကြောက်တရာမှကင်းဝေးစွာနေထိုင်နိုင်ရေးသည် ၎င်းတို့အတွက် အဓိကဖြစ်ကြောင်း မိမိတို့ဆန္ဒအား ပြောကြားထားပြီးဖြစ်သည်။ တကယ်တမ်းတွင် မူတရောဒေသရှိ ဒေသခံများမှ ငြိမ်းချမ်းရေး နှင့် ပူပေါင်း ဆောင်ရွယ်မှုများအတွက် ၎င်းတို့၏ သဘာဝ နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပါဝင် ထိန်းသိမ်းမည့် ဆန္ဒရှိ မည်သူမဆို လက်တွဲရန်ဆန္ဒရှိကြောင်း ငြိမ်းချမ်းရေး ဥယျာဉ်၏ အစပျိုးလုပ်ဆောင်မှု များမှ သက်သေပြနေလျက်ရှိသည်။ သို့ရာတွင် တပ်မတော်မှ ကရင်နယ်မြေအတွင်း ၎င်းတို့၏ နေရာများ ကို တိုးချဲ့ခြင်း နှင့် ခိုင်မာအောင် လုပ်ဆောင်နေသည့် ကာလပတ်လုံး ဒေသခံရွာသားများအနေဖြင့် ထိတ်လန့်မှုများ၊ မလုံခြုံမှုများ နှင့် ဘဝများ၊ အသက်မွေးဝမ်းကြောင်း နှင့် ယဉ်ကျေးမှုများအတွက်

စိန်ခေါ်မှုများသာ ရှိလာမည်ဖြစ်သည်။ တပ်မတော်၏လုပ်ရပ်သည် ကရင် နေရပ်စွန့်ခွါထွက်ပြေးသူများ နှင့် ဒုက္ခသည်များ မိမိတို့ ဘိုဘေးပိုင်မြေပေါ်သို့ လုံခြုံစိတ်ချစွာ နေရပ်သို့ပြန်လာနိုင်ရန် အတားအဆီးကိုလည်း ဖြစ်စေသည်။

**ထို့ကြောင့် ကရင်ငြိမ်းချမ်းရေးကွန်ယက်မှ အောက်ပါအချက်များအား တောင်းဆိုလိုက်ပါသည်။**

၁။ တပ်မတော်မှ စစ်ရေးအရ ကျူးကျော်ထားသော နေရာသစ်များ မှ ချက်ချင်းဆုတ်ခွါပေးရန် နှင့် မိမိတို့၏ မူလတပ်စခန်းများသို့ အခြေအနေတည်ငြိမ်ရန်စေရန်တွက် ပြန်ရန်။

၂။ အနှောင့်အဖွဲ့ကင်းသော နှစ်ဦးနှစ်ဘက်မှ လက်ခံသော ကြားခံအဖွဲ့မှ စုံစမ်းစစ်ဆေးမှုများကို တပ်မတော်အားလုပ်ဆောင်ရန် နှင့် အခြေအနေပေါ်တာဝန်ခံမှုများရှိလာအောင်လုပ်ဆောင်ရန်။

နှင့် တပ်မတော်၏လုပ်ရပ်အပေါ်တွင် တာဝန်ယူမှုကို သက်ဆိုရာ တပ်မတော်ဘက်မှလုပ်ဆောင်ရန်။

၃။ တပ်တော်၏ ဒေသခံပြည်သူနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ချိန်းခြောက်နေမှုလုပ်ရပ်များအားလုံးကို ချက်ချင်းရပ်တန့်ရန်။

၄။ မြန်မာပြည်တွင်အခြေစိုက်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းကြီးမှာ (သို့) အစိုးရမှထံမှတဆင့်ထက် ဒေသအတွင်းလက်ရှိကူညီပေးလျက်ရှိသော လူထုအခြေပြုအဖွဲ့အစည်းများမှတဆင့် နေရပ်စွန့်ခွါ ထွက်ပြေးသူများအတွက် လူသားခြင်းစာနာမှုဆိုင်ရာ အထောက်အပံ့များအားပေးရန်။

**ဆက်သွယ်ရန်**


၁။ နော်ကညောဖော : + ၆၆ (၀) ၈၁ ၀၂၉ ၅၅၀၃ (ကရင်၊ အင်္ဂလိပ်)

၂။ စောဝေလေး : + ၆၆ (၀) ၉၇ ၉၂၇ ၉၇၃၈ (ကရင်၊ မြန်မာ၊ အင်္ဂလိပ်)